[illegible]
**Karenni Civil Society Network**
P.O. Box - 100, Mae Hong Son, 58000, Thailand
Phone: 06 5329 7814, E-mail:kcsn2010@gmail.com

ဩဂုတ်လ ၂ ရက်၊ ၂၀၂၃ ခုနှစ်

## ကရင်နီလူမှုအသင်းအဖွဲ့များကွန်ရက်၏ နှစ်ပတ်တကြိမ် အခြေအနေ တင်ပြချက်၊ ဇူလိုင်လ ၁၇ ရက်နေ့မှ ၃၀ ရက်နေ့ထိ၊ ၂၀၂၃ ခုနှစ်


## ကရင်နီပြည်နယ်နှင့် ဖယ်ခုံမြို့နယ် အတွင်း စစ်ကောင်စီ၏ ချိုးဖောက်မှုများ အကျဉ်း

| စဉ် | | ဖေဖော်ဝါရီလ ၁ရက်၊ ၂၀၂၁ – ဇူလိုင်လ ၁၆ ရက်၊ ၂၀၂၃ | ဇူလိုင်လ ၁၇ ရက်မှ ၃၀ ရက်၊၂၀၂၃ | စုစုပေါင်း |
|---|---|---|---|---|
| ၁ | အရပ်သားများ သတ်ဖြတ်ခံရခြင်း | ၄၀၅ | ၁ | ၄၀၆ |
| ၂ | အရပ်သားများ ဖမ်းဆီးခံရခြင်း | ၃၅၅ | | ၃၅၅ |
| ၃ | အရပ်သားများ ထိခိုက်ဒဏ်ရာရခြင်း | ၄၄၂ | ၉ | ၄၅၁ |
| ၄ | **အဆောက်အအုံများ ပျက်စီးဆုံးရှုံးမှုများ** | | | |
| | လွိုင်ကော်မြို့နယ် | ၁၆၆ | ၁ | ၁၆၇ |
| | ဒီးမော့ဆိုမြို့နယ် | ၆၀၄ | | ၆၀၄ |
| | ဖယ်ခုံမြို့နယ် | ၃၅၆ | | ၃၅၆ |
| | ဖရူဆိုမြို့နယ် | ၇၈ | | ၇၈ |
| | ဘောလခဲမြို့နယ် | ၃၃ | | ၃၃ |
| | ရှားတောမြို့နယ် | ၁၆ | | ၁၆ |
| | ဖားဆောင်းမြို့နယ် | ၁၂ | ၂၀ | ၃၂ |
| ၅ | **ထုတ်ပယ်ခြင်းခံရသော CDM ပညာရေးဝန်ထမ်းများ** | | | |
| | ဖရူဆိုမြို့နယ် | ၅၂၆ | | ၅၂၆ |
| | ဒီးမော့ဆိုမြို့နယ် | ၁၁၂၃ | | ၁၁၂၃ |
| | မယ်စဲ့မြို့နယ် | ၇၈ | | ၇၈ |
| | ဖါးဆောင်းမြို့နယ် | ၁၅၂ | | ၁၅၂ |
| | ရှားတောမြို့နယ် | ၅၄ | | ၅၄ |
| | ဖယ်ခုံမြို့နယ် | ၆၄၈ | | ၆၄၈ |

| | | | | |
|---|---|---|---|---|
| | ဘောလခဲမြို့နယ် | ၄၂ | | ၄၂ |
| | **စုစုပေါင်းထုတ်ပယ်ခြင်း** | ၂၆၂၃ | | **၂၆၂၃** |

| **ထွက်ပြေးတိမ်းရှောင်မှုများအကျဉ်း** | | | | |
|---|---|---|---|---|
| **စဉ်** | **မြို့နယ်** | **ခန့်မှန်းဦးရေ ဇူလိုင် ၁၆ ရက်နေ့ အထိ ၂၀၂၃** | **IDPs အသစ် ဇူလိုင်လ ၁၇ ရက် – ဇူလိုင်လ ၃၀ ရက်** | **စုစုပေါင်း ထွက်ပြေးတိမ်းရှောင်မှုများ** |
| ၁ | လွိုင်ကော် | ၅၂၃၁၁ | | ၅၂၃၁၁ |
| ၂ | ဒီးမော့ဆို | ၈၃၂၆၅ | | ၈၃၂၆၅ |
| ၃ | ဖရူဆို | ၄၄၀၃ | | ၄၄၀၃ |
| ၄ | ဖါးဆောင်း | ၂၄၀၀၀ | | ၂၄၀၀၀ |
| ၅ | ဖယ်ခုံ | ၅၆၀၀၀ | | ၅၆၀၀၀ |
| ၆ | ရှားတော | ၂၃၉၅ | | ၂၃၉၅ |
| ၇ | မယ်စဲ့ | ၅၀၀၀ | | ၅၀၀၀ |
| ၈ | ဘောလခဲ | ၅၂၄၁ | | ၅၂၄၁ |
| | **စုစုပေါင်း** | **၂၃၂၆၁၅** | | **၂၃၂၆၁၅** |

## စကစ စစ်ဆင်ရေးများနှင့် ချိုးဖေါက်မှုများပြုလုပ်သည့်နေရာ၊ ဇွန်လိုင်လ(၁၇)ရက်မှ ဇွန်လိုင်လ(၃၀)ရက်၊ ၂၀၂၃ခုနှစ်



**စစ်ကောင်စီ လက်နက်ကြီး ရမ်းသန်းပစ်ခတ်ခြင်းကြောင့် ကလေးငယ်တစ်ဦးသေဆုံးပြီး ၉ဦးထိခိုက်ဒဏ်ရာရ၊ ကရင်နီပြည်နယ်အတွင်း စစ်သားအမြောက်အများဖြင့် အင်အားဖြည့်**

လွန်ခဲ့သော နှစ်ပတ်အတွင်း စစ်ကောင်စီတပ်များ၏ လက်နက်ကြီး ရမ်းသန်းပစ်ခတ်ခြင်းများကြောင့် လွိုင်ကော်မြို့နယ်အတွင်း ကလေးငယ်တစ်ဦးသေဆုံးပြီး အရပ်သား ၉ ဦးထိခိုက်ဒဏ်ရာရရှိသွားခဲ့သည့်အပြင် မယ်စဲ့မြို့နယ်နှင့် လွိုင်ကော်မြို့နယ်တို့တွင် ကျောင်းများအပါအဝင် နေအိမ်ထိခိုက်ပျက်စီးမှုများ ရှိသည်။ ကရင်နီပြည်နယ် တောင်ပိုင်းတွင် နေရာပြန်လည်ထိန်းချုပ်နိုင်ရန်အတွက် ကြိုးစားနေသော စစ်ကောင်စီတပ်များနှင့် ကရင်နီပူးပေါင်းတပ်ဖွဲ့များ သံလွင်အရှေ့ဘက်ခြမ်း ဖားဆောင်းမြို့နယ်နှင့် မယ်စဲ့မြို့နယ်အကြား တိုက်ပွဲများပြင်းထန်ခဲ့သည်။ ဇူလိုင် ၂၅ ရက်နေ့တွင် ကရင်နီပြည်နယ်အတွင်းသို့ စစ်ကောင်စီတပ်များမှ ယာဉ်တန်း အစီး ၁၀၀ ဖြင့် စစ်အင်အားအလုံးအရင်း ဖြည့်တင်းမှုများ လုပ်ဆောင်လာခဲ့သည်။

ဇူလိုင်လ၂၀ရက်၊ မိုးဗြဲ-လွိုင်ကော်လမ်းမတစ်လျှောက်တွင် စစ်ကြောင်းထိုးလာသည့် စစ်ကောင်စီတပ်နှင့် ကရင်နီပူးပေါင်းတပ်များ လွိုင်ကော်မြို့နယ်၊ ပဒါးညေးရွာအနီးတွင် တိုက်ပွဲဖြစ်ပွားခဲ့ပြီး ထိုတိုက်ပွဲတွင် စစ်ကောင်စီတပ်မှ အရပ်သားအချို့တို့အား လူသားဒိုင်းများအဖြစ် အသုံးပြုနေမှုများ ရှိခဲ့ပါသည်။ ထို့အပြင် တိုက်ပွဲအတွင်း လွိုင်ကော်အခြေစိုက် ၃၅၆ အမြောက်တပ်မှ ပစ်ခတ်သော လက်နက်ကြီးများကြောင့် အမျိုးသားတစ်ဦး၊ အမျိုးသမီးတစ်ဦးနှင့် အသက် (၁၆)နှစ်အရွယ်ကလေးတစ်ဦးတို့ လက်နက်ကြီး ထိမှန်ဒဏ်ရာရရှိခဲ့ပါသည်။ ထိခိုက်ဒဏ် ရာရသူများအား ဆေးရုံသို့ ပို့ဆောင်နေစဉ်တွင် (၁၆) နှစ်အရွယ် ကလေးတစ်ဦး သေဆုံးသွားခဲ့ပါသည်။ ထိုတရက်တည်းတွင် စစ်ကောင်စီတပ်များမှ ပစ်ခတ်လိုက်သည့် လက်နက်ကြီးများကြောင့် ကုန်းသာကျေးရွာမှ ကလေးငယ်တစ်ဦးနှင့် အမျိုးသားတစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ပါသည်။



ပဒါးညေးကျေးရွာမှ အရပ်သား ထိခိုက်ဒဏ်ရာရရှိ၊ လွိုင်ကော်မြို့နယ်



စကစ လေယာဉ်ဖြင့် ဗုံးကြဲတိုက်ခိုက်မှုကြောင့် စာသင်ကျောင်းပျက်စီး ကျောက်စုရွာ၊ မယ်စဲ့မြို့နယ်

ဇူလိုင်လ ၂၁ ရက်၊ ဖားဆောင်းမြို့နယ်၊ ကျောက်ပန်းညိုနှင့် ဝမ်အောင်းကျေးရွာတို့တွင် စစ်ကြောင်းထိုးလာသည့် စစ်ကောင်စီတပ်နှင့် ကရင်နီပူးပေါင်းတပ်ဖွဲ့များအကြား တိုက်ပွဲဖြစ်ပွားခဲ့သည်။ တိုက်ပွဲအတွင်း စစ်ကောင်စီတပ်မှ လက်နက်ကြီးများဖြင့် ရမ်းသန်းပစ်ခတ်ခြင်းများ၊ လေကြောင်းတိုက်ခိုက်မှုများ ရှိခဲ့သလို အိမ်ခြေ(၂၀) ခန့်သာ ရှိသည့် ဝမ်အောင်းကျေးရွာတို့အား ရွာလုံးကျွတ် မီးရှို့ဖျက်စီးသွားခဲ့သည်။

ဇူလိုင်လ ၂၃ ရက်၊ မိုးဗြဲမြို့အရှေ့ခြမ်းရှိ ကျေးရွာတစ်ရွာတွင်း လက်နက်ကြီးကျရောက်ပေါက်ကွဲမှုကြောင့် အရပ်သား (၂)ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ပါသည်။ ထို့အပြင် လွိုင်ကော်မြို့နယ်၊ နွားလာဝိုးကျေးရွာ**တွင်** စစ်ကောင်စီတပ်များ ထိုးစစ်ဆင်လာပြီး လက်နက်ကြီးများ ပစ်ခတ်မှုကြောင့် သာသနာပြုကျောင်း ထိမှန်ပျက်စီးသွားကာ ကျေးရွာအတွင်းနေပြည်သူများ နီးစပ်ရာသို့ ထွက်ပြေးတိမ်းရှောင်နေကြရသည်။ ထိုတရက်တည်းတွင်လည်း ထိုင်း-မြန်မာနယ်စပ် ဘီပီ ၉ အနီးတွင် ရှိသော စစ်ကောင်စီရှေ့တန်းတပ်စခန်း အနီး လေယာဉ်ဖြင့် ဗုံးကြဲတိုက်ခိုက်ခဲ့ပြီး ရဟတ်ယာဉ်နှစ်စီးဖြင့် စစ်သုံးဆောင်များ ပို့ချပေးခဲ့သည်။ ထို့အပြင် ဘီပီ ၁၃ အနီးရှိ စစ်ဘေးရှောင်စခန်းကိုလည်း စစ်ကောင်စီမှ လေယာဉ်ဖြင့် ဗုံးကြဲတိုက်ခိုက်ခဲ့၍ စစ်ဘေးရှောင် နေအိမ်များ ထိမှန်ပျက်စီးသွားခဲ့သည်။

ဇူလိုင်လ ၂၄ ရက်၊ လွိုင်လင်လေးမြို့နယ်အခြေစိုက် ခမရ (၅၃၀)တပ်မှ ဝမ်ကုန်းကျေးရွာသို့ လက်နက်ကြီးများ ရမ်းသန်းပစ်ခတ်ခြင်းကြောင့် အသက် ၆၅ နှစ်အရွယ် အမျိုးသားတစ်ဦး ထိမှန်ဒဏ်ရာ ရရှိသွားခဲ့သည်။

ဇူလိုင်လ ၂၅ ရက်၊ လွိုင်လင်လေးမြို့နယ်အခြေစိုက် ခမရ (၅၃၀)တပ်မှ ဝမ်ကုန်းကျေးရွာသို့ လက်နက်ကြီးပစ်ခတ်ခြင်းကြောင့် ကိုယ်ဝန်ဆောင်မိခင်တစ်ဦးနှင့် ကလေးငယ်တစ်ဦးအပါအဝင် စုစုပေါင်း (၄)ဦးထိခိုက်ဒဏ်ရာ ရရှိခဲ့ပါသည်။ ထိုတရက်တည်းတွင် ရှမ်းပြည်နယ်မှ လွိုင်ကော်သို့ ယာဉ်တန်း (၁၀၀)ခန့်ဖြင့် ရိက္ခာနှင့် လက်နက်များ သယ်ယူလာသည့် စစ်ကောင်စီယာဉ်တန်းအား လွိုင်ကော်မြို့နှင့် မိုးဗြဲမြို့အကြားရှိ ကုန်းသာနှင့် ဝါရီကောခူ ကျေးရွာကြားတွင် ဇူလိုင်လ ၂၄-၂၅ ရက်တို့တွင် တော်လှန်ရေးတပ်ဖွဲ့များမှ ပူးပေါင်းတိုက်ခိုက်ခဲ့ရာ စစ်ကောင်စီယာဉ် (၂)စီးအား ဖျက်ဆီးနိုင်ခဲ့ပါသည်။ ထိုတရက်တည်းတွင် ဖရူဆိုမြို့နယ်အတွင်းရှိ စစ်ကောင်စီ၏ အမှတ် ၁၄ တန်းမြင့် စစ်လေ့ကျင့်ရေးကျောင်းအား ကရင်နီ ပူးပေါင်းတပ်ဖွဲ့များမှ ခြုံခိုတိုက်ခိုက်ခဲ့ပြီး စစ်ကောင်စီတပ်မှ အနီးနားရှိ ကျေးရွာများဆီ လက်နက်ကြီး ၁၀ လုံးဖြင့် ရမ်းသန်းပစ်ခတ်ခဲ့သည်။

ဇူလိုင်လ၂၆ ရက်၊ နံနက် ၁၀ နာရီဝန်းကျင်အချိန်တွင် ဖားဆောင်းမြို့နယ်၊ သံလွင်မြစ်အရှေ့ဘက်ခြမ်းရှိ ကျောက်ပန်းညိုနှင့် ကျောက်စုကျေးရွာအကြား စစ်ကောင်စီတပ်များနှင့် ကရင်နီပူးပေါင်းတပ်ဖွဲ့များ တိုက်ပွဲဖြစ်ပွားခဲ့သည်။ ထိုတိုက်ပွဲများကြောင့် ကလလတ၏ တပ်စခန်းဖြစ်သည့် ခုမ်းဟပ်ချောင်း စခန်းကို စစ်ကောင်စီတပ်မှ နေ့လည် ၁၂ ဝန်းကျင်ခန့်တွင် တိုက်လေယာဉ်နှစ်စင်းဖြင့် ဗုံးကြဲတိုက်ခိုက်ခဲ့သည့်အပြင် ညနေ ၃ နာရီအချိန်တွင်လည်း တိုက်ပွဲဖြစ်ပွားရာအနီးသို့ လေယာဉ်ဖြင့် ထပ်မံဗုံးကြဲတိုက်ခိုက်ခဲ့သည့်အတွက် ကျောက်စုကျေးရွာရှိ စာသင်ကျောင်းအား ထိမှန်ပျက်စီးသွားခဲ့သည်။

ဇူလိုင်လ ၂၇ ရက်၊ နံနက်အချိန်တွင် ဖားဆောင်းမြို့နယ် အနီးတွင်ရှိသော စစ်ကောင်စီ၏ ယာယီတပ်စခန်း တစ်ခုအား ကရင်နီပူးပေါင်းတပ်များမှ သွားရောက်တိုက်ခိုက်ခဲ့ပြီး စစ်ကောင်စီတပ်၏ လက်နက်ခဲယမ်းအချို့ တို့ကို သိမ်းဆည်းရမိခဲ့ပါသည်။

ဇူလိုင်လ ၂၈ ရက်၊ ဖယ်ခုံမြို့နယ်၊ စက်တော်ကျေးရွာမှ ခေါင်းအိရွာသို့ စစ်ကြောင်းထိုးလာသည့် စစ်ကောင်စီတပ်ကို ကာကွယ်ရေးတပ်များဖြစ်သည့် Pekhon PDF, KRU, Shan Drone Force တို့သည် ဇူလိုင်လ

၂၁ရက်နေ့မှ ၂၈ရက်နေ့အထိ ကာကွယ်တိုက်ခိုက်ခဲ့ရာ ၈ ရက်တာတိုက်ပွဲအတွင်း စစ်ကောင်စီတပ် ခလရ ၂၄၈မှ အရာရှိ တစ်ဦးအပါအဝင် (၂၀)ဦး သေဆုံးခဲ့ပါသည်။

**Contact persons:**
Khu Ko Reh Tel: +666 5329 7814

Khu Ruby Tel: +666 24251608
Website : www.karennicsn.org
Facebook: https://www.facebook.com/kcsnengbur
Email: kcsn2010@gmail.com